ဦးအောင်သူငြိမ်း (Director, Institute for Strategy and Policy Myanmar)
ဦးကျော်ဇေယျ (အတွင်းရေးမှူး၊ ဘဏ္ဍာရေး စီမံကိန်းနှင့်စီးပွားရေးကော်မတီ)
ဦးမော်ထွန်းအောင် (Myanmar officer, Natural Resource Governance Institute)

ဒီကနေ့ နိုင်ငံတကာကိုကြည့်လိုက်ရင် ဖွံ့ဖြိုးရေးကိုစလုပ်မှာလား၊ ငြိမ်းချမ်းရေးလုပ်မှာလားပေါ့။ ဒါက ပညာရှင်တွေကြားထဲမှာဆွေးနွေးငြင်းခုံနေတဲ့ကိစ္စတစ်ခုပါ။ လက်ရှိ NLD အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးဖော်ပြထားတယ်။ ကျွန်တော့်အမြင်ကတော့ စီးပွားရေးနဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေသာ အရင်စလုပ်ဖို့အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးလို့ပြောလို့ရှိရင် ငြိမ်းချမ်းရေးမှာ အဆင့်တွေအများကြီးရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးကအနိမ့်ဆုံးပါ။ ရန်လိုတိုက်ခိုက်မှုတွေမရှိဘူး။ နောက်ဆုံးရေရှည်ငြိမ်းချမ်းရေးပေါ့။ အဲတော့ရေရှည်ငြိမ်းချမ်းရေးလို့ပြောလို့ရှိရင် ကျွန်တော်တို့က ဒီအစိုးရသက်တမ်းမှာလား၊ နောက်ထပ်ဘယ်နှစ်နှစ်ကြာမလဲမပြောနိုင်ဘူး။ ပြီးတော့လည်း ငြိမ်းချမ်းရေးဆိုတာ စားပွဲပေါ်မှာဆွေးနွေးနေယုံနဲ့မဟုတ်ဘူး ဦးအောင်သူငြိမ်း

------------------------------------------------------------------------------------------------------------------------

စီးပွားရေးတိုးတက်ရင်ကော ငြိမ်းချမ်းရေးရနိုင်မလား။ အန်ကယ့်အမြင်ပေါ့နော်။ စီးပွားရေးတိုးတက်ရင် ငြိမ်းချမ်းရေးရနိုင်ပါတယ်။ အခုနိုင်ငံရဲ့စီးပွားရေးကဆုတ်ယုတ်နေတယ်။ ဆုတ်ယုတ်နေတော့ ပြည်နယ်ကငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့တွေက တိုးတက်မှုမရှိဘူး။ စီးပွားရေးဖွံ့ဖြိုးမှုက ညီညီမျှမျှနဲ့သာတိုးတက်ရင် ငြိမ်းချမ်းရေးရပါလိမ့်မယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက် အောင်လုပ်ရင်းနဲ့ဘဲ ငြိမ်းချမ်းရေးရအောင်လုပ်ရမယ်။ ဒါကြောင့် စီးပွားရေးသာ တကယ်ဖွံ့ဖြိုးတိုးတက်ရင် ငြိမ်းချမ်းရေးကလွယ်ကူသွားလိမ့်မယ် ဦးကျော်ဇေယျ

------------------------------------------------------------------------------------------------------------------------

ကျွန်တော်တို့နိုင်ငံမှာက ပဋိပက္ခကြောင့်ဖြစ်တဲ့စီးပွားရေးက ရှိနေတယ်။ ဆိုလိုတာက မူးယစ်ဆေးဝါးက ရတဲ့ငွေတွေ၊ သံယံဇာတခွဲဝေထုတ်ယူမှုက ရတဲ့ငွေတွေရှိနေတယ်။ အဲ့တာတွေက တရားမဝင်စီးပွားရေးနယ်ပယ်တွေကရှိနေပါတယ်။ အဲတော့အစိုးရရဲ့လုပ်ငန်းတာဝန်က တရားမဝင်တဲ့နယ်ပယ်ကိုကျဉ်းအောင်နဲ့ တရားဝင်တဲ့နယ်ပယ်ကိုချဲ့အောင်လုပ်ဖို့လိုပါတယ်။ အဲ့ဒါဆိုရင်တော့ တိုင်းပြည်ရဲ့စီးပွားရေးကိုပြန်ထူထောင်အောင်လုပ်လို့ရပါတယ်။ အဲ့ဒီလိုကိစ္စတွေအတွက်အရေးကြီးတာက တရားဥပဒေအရ ဘယ်လိုအရေးယူမှာလဲ။ နောက်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနဲ့ စီးပွားရေးကိုအမှန်တကယ်လုပ်ကိုင်နေသူတွေကိုအားပေးဖို့လိုပါတယ် ဦးအောင်သူငြိမ်း

------------------------------------------------------------------------------------------------------------------------

ပဋိပက္ခဖြစ်နေတဲ့နေရာတွေကို မြေပုံပေါ်မှာကြည့်မယ်ဆိုရင် သဘာဝသံယံဇာတနဲ့အများကြီးဆက်စပ်နေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့စီးပွားရေးအနေအထားကိုက သံယံဇာတအပေါ်မှာမှီခိုနေရတယ်။ အစိုးရရဲ့ဘတ်ဂျက် ၅၀ ရာခိုင်နှုန်းနီးပါးက သံယံဇာတကရတာဖြစ်တယ်။ ဒီတော့ ငြိမ်းချမ်းရေးမရသေးဘဲနဲ့ သံယံဇာတခွဲဝေမှုမညီမျှမှုဖြစ်နေတဲ့အပိုင်းမှာ ကျွန်တော်တို့က သံယံဇာတနဲ့ပတ်သတ်ပြီးသွားလုပ်မယ်ဆိုရင် ရှိရင်းစွဲမကျေနပ်မှုတွေကို ပိုပြီးတော့တိုးစေမယ်။ ဒီတော့ ပဋိပက္ခကိုဖြစ်စေတဲ့စီးပွားရေးကို ဖြစ်သွားနိုင်တာကြောင့် အဲ့ဒါမျိုးကိုတော့ သတိပြုရဖို့ရှိပါတယ်။ ငြိမ်းချမ်းရေးဆိုတာက အဆင့်လိုက်ရှိပါတယ်။ဒါပေမယ့် ကြားကာလအချိန်ကြာပြီးတော့ ငြိမ်းချမ်းပြီလို့ထင်ပြီး သွားလုပ်တဲ့အခါမှာ သံယံဇာတကို မကုန်မချင်းအပြိုင်တူးတဲ့ပုံစံမျိုးဖြစ်သွားတက်တယ်။ ဒါကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၇နှစ်က မြန်မာပြည်ရဲ့မြောက်ပိုင်းဒေသတွေမှာ ဒီအဖြစ်အပျက်မျိုးကို တွေ့ခဲ့ရလို့ သင်ခန်းစာယူဖို့ကောင်းပါတယ် ဦးမော်ထွန်းအောင်

------------------------------------------------------------------------------------------------------------------------

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ သံယံဇာတချည်းဘဲအားကိုးနေလို့မရဘူး။ အမှန်တကယ်က စီမံခန့်ခွဲမှုကောင်းရင် စီးပွားရေးတိုးတက်မယ်။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် အခြေခံဥပဒေရေးဆွဲမယ်ဆိုတဲ့ သဘောတူညီချက်ရပြီ။အဲ့ဒါ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကဘဲ။ကိုယ့်ပြည်နယ်နဲ့ကိုယ်အခြေခံဥပဒေဆွဲရတော့မယ်။ ပြည်နယ်

အလိုက်သာလုပ်ခွင့်ရတော့မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက်လည်း ဒီသဘောတူညီမှုကမြန်မြန်ရရင် နိုင်ငံ့စီးပွားရေးက တိုးတက်လာမယ် ဦးကျော်ဇေယျ

--------------------------------------------------------------------------------------------------------------

သံယံဇာတတွေရှိခြင်းအားဖြင့် တနည်းတဖုံနဲ့ စီမံခန့်ခွဲမှုတွေ ချို့ယွင်းတဲ့အခါမှာ စစ်ပွဲကိုပိုပြီးတော့တွန်းအားပေး သလိုဖြစ်နေတာပေ့ါ။ဥပမာအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ပြည်နယ်တွေမှာ သံယံဇာတတွေထွက်ပါတယ်။ ဒါပေမယ့်ပြည်နယ်တွေအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအညွှန်းကိန်းအရ တိုင်းဒေသကြီးတွေနဲ့နှိုင်းယှဉ်ရင် သိသိသာသာ ဘဲနိမ့်ပါးနေတယ်။ ဒါဘာကိုဖော်ပြနေလဲဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးက ရလာတဲ့အကျိုးအမြတ်ကိုခွဲဝေတဲ့နေရာမှာ မျှမျှတတမရှိဘူးဖြစ်နေတယ်။ဒီလိုမျှတမှုမရှိတဲ့အပေါ်မှာ လူထုရဲ့စိတ်ထဲက အခြေခံမကျေနပ်ချက်ကို ပိုပြီးတော့မီးမောင်း ထိုးပေးရာရောက်တယ်။ဒါကိုအရင်ဆုံးပြင်သင့်တယ်လို့ထင်ပါတယ် ဦးမော်ထွန်းအောင်

--------------------------------------------------------------------------------------------------------------

ကျွန်တော်မြင်တာတော့ ဗဟိုအစိုးရရဲ့အသုံးစားရိတ်နဲ့ပြည်နယ်၊တိုင်းဒေသကြီးတွေရဲ့အသုံးစားရိတ် ၂ပိုင်းရှိပါတယ်။ ပြည်နယ်တိုင်းဒေသကြီးအားလုံးပေါင်းရဲ့အသုံးစားရိတ်က ၈ရာခိုင်နှုန်းဘဲရှိတယ်။ပြည်ထောင်စုအစိုးရက ၉၂ ရာခိုင်နှုန်း ရှိပါတယ်။အဲတော့ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကိုလုပ်ပိုင်ခွင့်ပိုပေးဖို့လိုပါတယ်။နောက်တချက်က တိုင်းရင်းသား ဒေသတွေမှာထွက်တဲ့သံယံဇာတတွေကအကျိုးအမြတ်တွေကို ပြည်ထောင်စုနဲ့ခွဲဝေဖို့ ဒါတွေကို စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးဖို့လိုပါတယ် ဦးအောင်သူငြိမ်း

--------------------------------------------------------------------------------------------------------------

သံယံဇာတခွဲဝေပေးမှုနဲ့ပတ်သတ်လို့လက်ခံပါတယ်။ဒါပေမယ့်အချိန်အခါအရပေ့ါ။ အချိန်အခါအရဆိုတာက ပြည်နယ် တွေမှာငြိမ်းချမ်းရေးမရသေးဘူး။လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေတုန်းဘဲ။ဖြစ်နေတဲ့အချိန်မှာ ခွဲဝေပေးလိုက် လို့ရှိရင် ဒါတွေဟာထိရောက်ပါ့မလား။အစိုးရအနေနဲ့သုံးသပ်တာပေ့ါနော် ဦးကျော်ဇေယျ

--------------------------------------------------------------------------------------------------------------

ကချင်၊ရှမ်းတို့မှာ လက်နက်ကိုင်တွေရှိလို့ သံယံဇာတခွဲဝေမှုအပိုင်းမှာ တည်ဆောက်ဖို့မလုပ်နိုင်ဘူးပေ့ါနော်။ဒါပေမယ့် ရခိုင်နဲ့ချင်းကိုပြန်ကြည့်လိုက်ရင်လက်နက်ကိုင်အဖွဲ့အစည်းက အဲ့လောက်မရှိဘူးပေ့ါ။ ဒီတော့ အဲ့ဒီဖက်က ကလေးသူငယ် နဲ့စီးပွားရေးဖွံ့ဖြိုးမှုအပိုင်းကိုကြည့်ရင် တော်တော်လေးကိုနောက်ကျကျန်ရစ်နေတယ်။အဲ့ဒါကဘာကိုပြလဲဆိုရင် တိုင်းနဲ့ ပြည်နယ်မှာ သေချာတာကတော့မညီမျှမှုတွေရှိနေတယ်ဆိုတာတွေ့နိုင်တယ်။အဲ့ဒါကိုပြင်မှ စီးပွားရေးအရ လုပ်သာ ကိုင်သာရှိတဲ့ဝန်းကျင်တစ်ခုက အညီအမျှဖြစ်လာမှာဖြစ်တယ် ဦးမော်ထွန်းအောင်

--------------------------------------------------------------------------------------------------------------

ပဋိပက္ခတွေထဲမှာ အကျိုးရှိစေတဲ့အဖွဲ့တွေရှိနေတယ်။အဲ့ဒီလိုရှိနေလို့ဘဲ တယောက်နဲ့တယောက် သံသယတွေရှိနေပြီး တော့ယုံကြည်မှုတွေမရနိုင်ကြတာဖြစ်တယ် ဦးကျော်ဇေယျ

--------------------------------------------------------------------------------------------------------------

လက်ရှိအာဖကန်သမ္မတက ဆောင်ရွက်နေသလိုမျိုး ကျွန်တော်တို့ဆီမှာလည်း ငွေမဲငွေဖြူလုပ်တဲ့ကိစ္စ အကျင့်ပျက် ခြစားတဲ့ကိစ္စ ဒါတွေကို အစိုးရက တိတိကျကျကိုင်တွယ်ဖို့လိုပါတယ်။ နောက်တခုက တချိန်တုန်းကအကျိုးဖြစ်ခဲ့တဲ့ ခရိုနီခေါ်ခေါ် စီးပွားရေးလုပ်ငန်းရှင်တွေ သူတို့ရဲ့ငွေမဲငွေဖြူကိစ္စ၊ အကျင့်ပျက်ခြစားမှုကိစ္စတွေကို ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ဖို့လိုပါတယ် ဦးအောင်သူငြိမ်း

--------------------------------------------------------------------------------------------------------------

စီးပွားရေးမတိုးတက်ဘူးဆိုတာက ဥပဒေစိုးမိုးမှုမရှိသေးလို့ဘဲ။ အကျင့်ပျက်ခြစားတာတွေ ငွေမဲကနေငွေဖြူလုပ်တာ တွေဟာ ထိထိရောက်ရောက်ဥပဒေစိုးမိုးမှုမရှိသေးလို့ပါ ဦးကျော်ဇေယျ

--------------------------------------------------------------------------------------------------------------

ကျွန်တော့်အမြင်က ငြိမ်းချမ်းရေးဆိုတဲ့နေရာမှာ ဘယ်လောက်အထိမျှော်မှန်းထားလဲ။အပြစ်အခတ်ရပ်စဲရေးနဲ့ တော်ယုံတန်ယုံလား။ဒါမှမဟုတ်ထာဝရရေရှည်လား။ထာဝရငြိမ်းချမ်းရေးကတော့ကျွန်တော်ထင်တယ်

ကြာပါလိမ့်မယ်။အဲတော့တချို့အနေအထားမှာအလုပ်ဖြစ်နိုင်တဲ့ငြိမ်းချမ်းရေးပေါ့နော်။အဲဒါဆိုရင်တော့ စီးပွားရေးကို တွန်းတင်ဖို့လုပ်နိုင်လောက်မယ်ထင်ပါတယ် ဦးအောင်သူငြိမ်း

------------------------------------------------------------------------------------------------------------------------

ငြိမ်းချမ်းရေးရရင်တော့ပိုကောင်းတာပေါ့။ဒါပေမယ့် ငြိမ်းချမ်းရေးမရရင် စီးပွားရေးမတိုးတက်ဘူးဆိုတာကိုတော့ အန်ကယ်လက်မခံပါဘူး။စီးပွားရေးမူဝါဒ ၁၂ချက်ရှိပါတယ်။ဒါတွေကိုသာအကောင်အထည်ဖော်ဖို့လိုပါတယ် ဦးကျော်ဇေယျ

------------------------------------------------------------------------------------------------------------------------

အဆုံးသတ်

------------------------------------------------------------------------------------------------------------------------

ပရိသတ် ကိုတင်မောင်ဦး ((သံယံဇာတတွေထွက်တယ်။နယ်မြေတွေမှာစစ်ပွဲတွေဖြစ်နေလို့ဘဲ တိုင်းပြည်ရဲ့စီးပွားရေးက မအောင်မြင်သယောင်ယောင်ပေါ့။ဒါပေမယ့် အဓိကက ကုန်ထုတ်လုပ်ငန်းတွေအပိုင်းကိုမတွေ့ရဘူး။နောက်တခုက ကျွန်တော်တို့တိုင်းပြည်မှာ အကြီးမားဆုံးသံယံဇာတဖြစ်တဲ့ လူဆိုတဲ့ဥစ္စာကိုဘယ်လိုသုံးမလဲဆိုတာ မပြောသွားဘူး။ပြီးတော့ စီးပွားရေးဆိုတာက ကိန်းဂဏန်းအပေါ်မှာအခြေခံတယ်ဆိုပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ကိန်းဂဏန်းအချက်အလက်တွေ ကတောက်လျောက်မှားယွင်းလာခဲ့တာ)))
ပရိသတ် မခင်မျိုးဆွေ ((ဒီသံယံဇာတတွေကို ခွဲဝေပေးတဲ့နေရာမှာ မျှမျှတတမခွဲဝေချင်လို့ ငြိမ်းချမ်းရေးမရ အောင်ဖန်တီးနေတာလားဆိုတာဘဲ။ ဘာလို့လဲဆိုတော့ ကချင်ပြည်နယ်မှာ ရေမဆေးကျောက်တလုံးရခဲ့တယ် ဆိုရင်တောင် အဲ့ဒီကျောက်ကိုတရားမဝင်နည်းလမ်းနဲ့ထုတ်သွားရင် နောက်ဆုံးမှာ အခွင့်ထူးခံတွေကဘဲ ရသွားတာပါ))